# ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်အက်ဥပဒေ။

## [၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၇။]

[ **ပြင်ဆင်**: 15.10.1953, 00.00.1955 ]

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စိုက်ပျိုးရေးလုပ်ငန်း ချဲ့ထွင်မှု၊ တိုးတက်မှုတို့အတွက်၊ လယ်ယာလုပ်ကိုင်သူတို့အား ငွေကြေးအရင်းအနှီးချေးငှါးထောက်ပံ့ခြင်းဖြင့် အားပေးရန် လိုအပ်သည်လည်းတကြောင်း၊

စိုက်ပျိုးစရိတ် ချေးငှါးရေးနှင့် သက်ဆိုင်သည့် စံနစ်အသီးသီးတို့ကို ပေါင်းရုံးသိမ်းသွင်းလျက်၊ လယ်ယာ လုပ်ကိုင်သူတို့အကျိုးအတွက် လွယ်ကူရှင်းလင်း၍၊ တခုတည်းသော စံနစ်ထားရှိရန် လိုအပ်သည်လည်းတကြောင်း၊

အဆိုပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် "နိုင်ငံတော် စိုက်ပျိုးရေးဘဏ်" ကို တည်ထောင်ဖွင့်လှစ်၍၊ ထိုဘဏ်နှင့် လျော်ကန်သော အာဏာများ၊ တာဝန် ဝတ်တရားများကို ပေးအပ်ရန် လိုအပ်သည်လည်းတကြောင်း၊

ထို့ပြင် အခြားကိစ္စများအတွက် ပြဋ္ဌာန်းပေးရန် လိုအပ်သည်လည်းတကြောင်း၊ ထိုအကြောင်းများကြောင့် အောက်ပါအတိုင်းအက်ဥပဒေ အဖြစ်ပြဋ္ဌာန်းလိုက်သည်။

### အခန်း ၁။

### စကားချီး။

အမည်၊ တည်ရာနယ်အဝန်းနှင့် အာဏာတည်သည့် နေ့ရက်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ **၁၉၅၃ ခုနှစ်၊ နိုင်ငံတော် စိုက်ပျိုးရေးဘဏ်အက်ဥပဒေ** ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် ပြည်ထောင်စုတဝန်းလုံးနှင့် သက်ဆိုင်ရမည်။

(၃) ဤအက်ဥပဒေတခုလုံးကိုသော်၎င်း၊ အစိပ်အပိုင်းကိုသော်၎င်း၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်ဒေသ၌၊ သတ်မှတ်သည့်နေ့ရက် တွင်၊ သို့တည်းမဟုတ် နေ့ရက်များတွင် စတင် အာဏာတည်ရမည်။

တည်ဆဲဥပဒေကို ပြင်ဆင်ခြင်း။

၂။ ။ ဤအက်ဥပဒေအခန်း ၇ ပါကိစ္စများအတွက်မှတပါး၊ လယ်ယာလုပ်ကိုင်သူတို့သို့ ငွေတော်ချေးငှါး ခြင်းအက်ဥပဒေကို ဤအက်ဥပဒေ၏ ဇယားပါပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်ရမည်။

**ခြွင်းချက်**။ ။ သို့ရာတွင် အဆိုပါ အက်ဥပဒေအရ ထုတ်ချေးခဲ့သော ငွေများကို အရင်းနှင့်တကွအတိုးပါ ပြေလည်အောင် ကောက်ခံရရှိပြီးသည့် အချိန်အထိ၊ သို့တည်းမဟုတ် သက်ဆိုင်ရာအာဏာပိုင်တို့၏ စာ ရင်းများတွင် ပယ်ဖျက်လိုက်သည့်အချိန်အထိ၊ အဆိုပါအက်ဥပဒေသည် ပုဒ်မ ၂ ဖြင့် ပြင်ဆင်ခြင်းမပြုဘိ သကဲ့သို့ ဆက်လက်အာဏာတည်စေရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၃။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့် ကျင်လျှင်-

(က) "စိုက်ပျိုးရေးဘဏ်" ဆိုသည်မှာ၊ ပုဒ်မ ၄ အရ တည်ထောင်သော နိုင်ငံတော်စိုက်ပျိုးရေးဘဏ် ကို ဆိုလိုသည်။

(ခ) “အထွေထွေမန်နေဂျာ” ဆိုသည်မှာ၊ ပုဒ်မ ၁၉ အရ၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်ကို အုပ်ချုပ်ရန် ခန့်ထားသော အထွေထွေမန်နေဂျာကို ဆိုလိုသည်။

(ဂ) “ခရိုင်မန်နေဂျာ” ဆိုသည်မှာ၊ စိုက်ပျိုးရေးဘဏ်၏ ခရိုင်ရုံးခွဲကို အုပ်ချုပ်ရန်၊ စိုက်ပျိုးရေးဘဏ်က ခန့်ထားသော မန်နေဂျာကို ဆိုလိုသည်။

(ဃ) “သမဝါယမအသင်း” ဆိုသည်မှာ၊ သမဝါယမအသင်းများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၄ အရ၊ မှတ် ပုံတင်ထားသော သမဝါယမငွေစုငွေချေးနှင့် စုပေါင်းရောင်းဝယ်ရေးအသင်း၊ သို့တည်းမဟုတ် ကုန်ထုတ် လုပ်သူများ၏ လုပ်ငန်းပေါင်းစုံ သမဝါယမအသင်းများကို ဆိုလိုသည်။

(င) “လယ်ယာမြေ” ဆိုသည်မှာ၊ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်စိုက်ပျိုးမှု၊ သို့တည်းမဟုတ် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်စိုက်ပျိုးခြင်းဖြင့် အသက်မွေးမှုကိစ္စများအတွက်ဖြစ်စေ၊ ယင်းသို့ စိုက်ပျိုး ခြင်းဖြင့် အသက်မွေးမှုကိစ္စများ၏ အထောက်အပံ့ဖြစ်သော အမှုကိစ္စများအတွက်ဖြစ်စေ၊ လက်ရှိ ထားသည့်၊ သို့တည်းမဟုတ် သာမန်အားဖြင့်အသုံးပြုသည့်၊ သို့တည်းမဟုတ် အငှါးချထားသည့် မြေ၊ သို့ တည်းမဟုတ် ကျွန်းနှင့် မြေနုကျွန်းပေါ်များ ပါဝင်သော အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေကိုဆိုလို သည့်ပြင်၊ ထိုစကားရပ်တွင် ထိုမြေပေါ်၌ ရှိ လူနေအိမ်များနှင့် အခြားအဆောက်အဦများ တည်ရာမြေ လည်းပါဝင်သည်။ သို့ရာတွင် မြို့တွင်း၌ဖြစ်စေ၊ ရွာတွင်း၌ဖြစ်စေရှိသော အဆောက်အဦတည်ရာမြေ၊ သို့ တည်းမဟုတ် အဆောက်အဦအတွက်၊ လက်ရှိထားသည့်မြေမပါဝင်ချေ။

(စ) “လယ်ယာလုပ်ကိုင်သူ” ဆိုသည်မှာ-

(၁) မိမိ၏လက်ဖြင့် ကိုယ်ပိုင်လယ်ယာမြေကို လုပ်ကိုင်သူ၊ သို့တည်းမဟုတ်

(၂) အခြားသူပိုင် လယ်ယာမြေကို သီးစားအဖြစ်ဖြင့်သော်၎င်း၊ သူရင်းငှါးအဖြစ်ဖြင့်သော်၎င်း လုပ်ကိုင် သူ၊ သို့တည်းမဟုတ်

(၃) အသက်အရွယ် ကြီးရင့်သောကြောင့်ဖြစ်စေ၊ ကိုယ်အင်္ဂါချို့ငဲ့သောကြောင့်ဖြစ်စေ မစွမ်းမသန်သူ ဖြစ် လျှင် လုပ်ငန်းလုပ်ကိုင်ချိန်တလျှောက်လုံးတွင် ထွန်ယက်စိုက်ပျိုးခြင်း စသည်တို့ကို ကိုယ်တိုင်ကြီးကြပ် သူကိုဆိုလိုသည်။

ထိုစကားရပ်တွင် လယ်ယာလုပ်ငန်း လုပ်ကိုင်ချိန်တလျှောက်လုံး လယ်ယာမြေကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် ကိုယ်တိုင်လုပ်ကိုင်သော၊ သို့တည်းမဟုတ် ထွန်ယက်စိုက်ပျိုးခြင်းစသည်တို့ကို ကြီးကြပ်သော မိန်းမလည်း ပါဝင်သည်။

(ဆ) “လယ်ယာအလုပ်သမား” ဆိုသည်မှာ၊ လယ်ယာလုပ်ငန်းများတွင်သော်၎င်း လယ်ယာလုပ်ငန်း များနှင့် စပ်လျဉ်းသည့်လုပ်ငန်းများတွင်သော်၎င်း မိမိ၏လုပ်အားကို အဓိကအသက်မွေးဝမ်းကျောင်းအ ဖြစ်ငှါးရမ်း၍ နေထိုင်စားသောက်သော (သူရင်းငှါးမဟုတ်သည့်) သူကို ဆိုလိုသည်။

(ဇ) “ကျေးရွာအုပ်စု” ဆိုသည်မှာ၊ ကျေးရွာအက်ဥပဒေပုဒ်မ ၄၊ အပိုဒ် ဂ တွင်အဓိပ္ပါယ်ဖော်ပြထား သော ကျေးရွာအုပ်စုကိုဆိုလိုသည့်ပြင်၊ ဤအက်ဥပဒေအလို့ငှါ ထိုစကားရပ်တွင် မြို့ပြအက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) အရ၊

ခရိုင်ဝန်က ရပ်ကွက်အဖြစ် အမိန့်စာဖြင့်သတ်မှတ်သည့် မြို့အစိတ်အပိုင်းတခုခု ဖြစ်သော ‘ရပ်ကွက်’ လည်းပါဝင်သည်။

(ဈ) “ကျေးရွာဘဏ်” ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ၊ ကျေးရွာအုပ်စုတွင်တည်ထောင်သည့် ကျေးရွာဘဏ်ကို ဆိုလိုသည်။

(ည) “ကျေးရွာငွေချေးကော်မီတီ” ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ၊ ကျေးရွာဘဏ်မတည်ထောင်နိုင်သေးမီ၊ ကျေးရွာဘဏ်အစား ယာယီဖွဲ့စည်းထားသော ကျေးရွာငွေချေးကော်မီတီကို ဆိုလိုသည်။

(ဋ) “စိုက်ပျိုးရေး” ဆိုသည်မှာ၊ လယ်ယာမြေလုပ်ကိုင်ရာတွင် လိုအပ်သော လုပ်ငန်းစဉ်များအားလုံး ပါဝင်သည့် လုပ်ငန်းကိုဆိုလိုသည်။

<ပြင်ဆင် 15.10.1953>

## အခန်း ၂။
## ဘဏ်တည်ထောင်ခြင်း၊ မ,တည်ငွေရင်းနှင့် စီမံအုပ်ချုပ်ခြင်း။

ဘဏ်တည်ထောင်ခြင်း။

၄။ ။ (၁) နိုင်ငံတော်စိုက်ပျိုးရေးဘဏ်ကို ဤအက်ဥပဒေအရ တည်ထောင်ရမည်။ ထိုစိုက်ပျိုးရေးဘဏ် သည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ အဖွဲ့ပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရ မည်။ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်း ခံရမည်။

(၂) စိုက်ပျိုးရေးဘဏ်၏တံဆိပ်ကို ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌကဖြစ်စေ၊ အထွေထွေမန်နေဂျာကဖြစ်စေ သတ်မှတ်သည့် နေရာ၌ ထိန်းသိမ်းထားရမည်။ ထိုတံဆိပ်ကို ဥက္ကဋ္ဌ၏၊ သို့တည်းမဟုတ် အထွေထွေမန် နေဂျာ၏ အခွင့်အမိန့်မရဘဲ မည်သည့်စာချုပ် စာတမ်းပေါ်မှာမျှ ခတ်နှိပ်ခြင်းမပြုရ။

ရည်ရွယ်ချက်များ။

၅။ ။ စိုက်ပျိုးရေးဘဏ်မှာ၊ ဤအက်ဥပဒေအရ အပ်နှင်းထားသော အာဏာများကို အောက်ပါရည်ရွယ် ချက်များ အများဆုံးအထမြောက်နိုင်စေရန်အတွက် ဆောင်ရွက်ရမည့်တာဝန်ရှိသည်။

(က) စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ လယ်ယာလုပ်ကိုင်သူတို့နှစ်စဉ်လိုအပ်သော စိုက်ပျိုးရေးစရိတ်အတွက် ချေးငွေများကို လုပ်ငန်းအချိန်မှီ လွယ်ကူရှင်းလင်းသော စံနစ်ဖြင့် ချေးငှါးရန်။

(ခ) စိုက်ပျိုးရေးစရိတ်အတွက် ငွေချေးသော လုပ်ငန်းကိုကျေးရွာ၌ အခြေခံထား၍ လယ်ယာလုပ်ကိုင်သူ တို့အား တာဝန်သိတတ်မှုအသိတရားနှင့် ငွေကြေးထိန်းသိမ်းမှုပညာပေးရန်။

(ဂ) မိမိကိုယ်ကိုမိမိအားကိုးသော (ကိုယ်ထူးကိုယ်ချွန်) စိတ်ဓါတ်ဖြစ်ပေါ်လာစေရန် ချွေတာစုဆောင်း သော အလေ့အကျင့်ကို အားပေးရန်။

(ဃ) ချေါတာစုဆောင်းသော အလေ့အကျင့်နှင့် သမဝါယမစံနစ်တို့ကိုအသုံးပြုခြင်းအားဖြင့် ကျေးရွာ၏ ငွေရေးကြေးရေး ခိုင်မာတောင့်တင်းမှုရရှိရန် ကြိုးပမ်းခြင်းကို အားပေးရန်။

(င) ကျေးလက်စည်ပင်သာယာရေး၊ လယ်ယာလုပ်ကိုင်သူတို့၏ အသက်မွေးမှုနှင့် စီးပွါးရေးအဆင့်အ တန်း မြင့်တင်ရေးတို့အတွက် သမဝါယမအသင်းများ ပြုစုပျိုးထောင်လုပ်ကိုင်ခြင်းကို အားပေးရန်။

ရုံးချုပ်၊ ရုံးခွဲများနှင့် ကျေးရွာဘဏ်များ။

၆။ ။ (၁) စိုက်ပျိုးရေးဘဏ်၏ရုံးချုပ်ကို ရန်ကုန်မြို့တွင် ထားရမည်။

(၂) စိုက်ပျိုးရေးဘဏ်သည် သင့်လျော်သည့် ခရိုင်ရုံးစိုက်ရာမြို့ကြီးများ၌ အခါအားလျော်စွာ ခရိုင်ရုံးခွဲ များကို ဖွင့်လှစ်နိုင်သည်။

(၃) စိုက်ပျိုးရေးဘဏ်သည် ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ၊ သင့်လျော်သည့် ကျေးရွာအုပ်စုများတွင် အခါအားလျော်စွာ ဖွဲ့စည်းထားသော ကျေးရွာဘဏ်များကို အသိအမှတ်ပြုနိုင်သည်။

(၄) စိုက်ပျိုးရေးဘဏ်သည် ပုဒ်မခွဲ (၃) အရ အသိအမှတ်ပြုထားသော ကျေးရွာဘဏ်များ၏ လုပ်ငန်း များကို ဤအက်ဥပဒေအရ ပြုသည့် စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်နိုင်သည်။

<ပြင်ဆင် 15.10.1953>

မ,တည်ငွေရင်း။

၇။ ။ (၁) စိုက်ပျိုးရေးဘဏ်၏ ခွင့်ပြုထားသော၊ မ,တည်ငွေရင်းမှာ ကျပ်ပေါင်းရှစ်ကုဋေဖြစ်ရမည်။ ထို ငွေအနက် ကျပ်ပေါင်းငါးကုဋေကို ဤအက်ဥပဒေ စတင်အာဏာတည်သည်နှင့်တပြိုင်နက်၊ ပြည်ထောင် စုအစိုးရက တကြိမ်တည်းထုတ်ပေးထည့်ဝင်ပြီးသားဖြစ်ရမည်။

(၂) ကျန် မ,တည်ငွေရင်းကို မည်၍ မည်မျှဟူ၍၎င်း၊ မည်သည့်နည်းဖြင့် ထုတ်ပေးရမည်ဟူ၍၎င်း နိုင်ငံ တော်သမတက သတ်မှတ်သည့်အတိုင်း ပြည်ထောင်စုအစိုးရက မည်သည့်အချိန်တွင်မဆို ထုတ်ပေးထည့် ဝင်နိုင်သည်။

မ,တည်ငွေရင်းကိုတိုးခြင်း။

၈။ ။ စိုက်ပျိုးရေးဘဏ်၏ မ,တည်ငွေရင်းကို မည်၍မည်မျှ အထိတိုးနိုင်သည်၊ မည်သည့်နည်းဖြင့် တိုးနိုင် သည်ဟူ၍ နိုင်ငံတော်သမတက သတ်မှတ်သည့်အတိုင်း တိုးနိုင်သည်။

လိုငွေကိုချေးယူခြင်း။

၉။ ။ စိုက်ပျိုးရေးဘဏ်သည်၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် ဤအက်ဥပဒေအရ လုပ်ငန်း ဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်ရန် လိုသည့်ရင်းနှီးငွေများကို ချေးယူနိုင်သည်။

ပိုလျှံသည့်ငွေကို ထုတ်ချေးခြင်း။

၁၀။ ။ စိုက်ပျိုးရေးဘဏ်သည်၊ လတ်တလောအသုံးမလိုသည့် ရင်းနှီးငွေများကို အခြားဘဏ်များသို့ သော်၎င်း၊ ပြည်ထောင်စုအစိုးရသို့သော်၎င်း အတိုးယူ၍ ခေတ္တချေးငှါးနိုင်သည်။

ထုတ်ချေးငွေပေါ်တွင် အတိုးယူခြင်း။

၁၁။ ။ စိုက်ပျိုးရေးဘဏ်မှာ မိမိထုတ်ချေးသော ငွေများအပေါ်တွင် ဤအက်ဥပဒေအရပြုသည့် စည်းမျဉ်း ဥပဒေများဖြင့် ပြဋ္ဌာန်းသည့်နှုန်းအတိုင်း အတိုးရယူခွင့်ရှိရမည်။

စီမံအုပ်ချုပ်ခြင်း။

၁၂။ ။ စိုက်ပျိုးရေးဘဏ်၏အာဏာများ၊ တာဝန်များနှင့် အလုပ်ဝတ်တရားများသည်၊ ဤအက်ဥပဒေအ ရ ဖွဲ့စည်းထားသော ဒါရိုက်တာအဖွဲ့တွင်တည်ရှိရမည်။ ထိုဒါရိုက်တာအဖွဲ့သည် စိုက်ပျိုးရေးဘဏ်၏ လုပ်ငန်းများကို စီမံခန့်ခွဲရာ၌၎င်း၊ လုပ်ငန်းဆောင်ရွက်ရာ၌၎င်း၊ စီရင်အုပ်ချုပ်ရာ၌၎င်း ထားရှိရမည့် စည်းကမ်းစံနစ်မူသဘောကို ချမှတ်ရန်တာဝန်ရှိစေရမည်။

ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်း။

၁၃။ ။ (၁) ဒါရိုက်တာအဖွဲ့တွင် အောက်ပါလူကြီးကိုးဦး ပါဝင်စေရမည်။

(က) နိုင်ငံတော်သမတက ရွေးချယ်ခန့်ထားသော ပုဂ္ဂိုလ်လေးဦး။

(ခ) လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဝန်ကြီးဌာနအသီးသီးမှ ဒုတိယအတွင်းဝန်ရာထူး အဆင့်အတန်းအောက်မနိမ့်သော ပုဂ္ဂိုလ်တဦးစီ။

(ဂ) ဘဏ္ဍာတော်မင်းကြီး (မြေနှင့် ကျေးလက်ကြီးပွါးရေး)။

(ဃ) ပြည်ထောင်စုဘဏ်မှ အထွေထွေမန်နေဂျာ၊ သို့တည်းမဟုတ် ဒုတိယ အထွေထွေမန်နေဂျာ။

(၂) ပုဒ်မခွဲ (၁)၊ အပိုဒ် (က) အရ ခန့်ထားသော ဒါရိုက်တာအသီးသီး၏ ရာထူးသက်တမ်းသည် လေးနှစ် ဖြစ်ရမည်။

**ခြွင်းချက်**။ ။ သို့ရာတွင် ပဌမအကြိမ်ခန့်ထားသော ဒါရိုက်တာလေးဦးအနက် တဦးမှာ တနှစ်ကုန်ဆုံးသည့်အချိန်၌သော်၎င်း၊ ဒုတိယတဦးမှာ နှစ်နှစ်ကုန်ဆုံးသည့်အချိန်၌သော်၎င်း၊ တတိယတဦးမှာ သုံးနှစ်ကုန်ဆုံးသည့်အချိန်၌သော်၎င်း၊ ကျန်တဦးမှာ လေးနှစ်ကုန်ဆုံးသည့်အချိန်၌သော်၎င်း အလှည့်ကျ ရာထူးမှထွက်ရမည်ဖြစ်၍၊ ထိုရာထူးမှ ထွက်ရမည်ဖြစ်သော ဒါရိုက်တာကို မဲချ၍ ဆုံးဖြတ်ရမည်။

(၃) ထွက်ရသောဒါရိုက်တာသည် ရာထူးတွင် ထပ်မံခန့်ထားခြင်းကို ခံနိုင်ခွင့်ရှိစေရမည်။

(၄) နိုင်ငံတော်သမတသည်၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (က) အရ ခန့်ထားသော ဒါရိုက်တာလေးဦးအနက်မှ ဒါရိုက်တာအဖွဲ့၏ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကို တနှစ်တကြိမ် ရွေးချယ်ခန့်ထားရမည်။

(၅) ပုဒ်မခွဲ (၄) တွင် မည်သို့ပင်ပါရှိစေကာမူ၊ စိုက်ပျိုးရေးဘဏ်အလုပ်ကိစ္စကို အချိန်ပြည့်လုပ်ရမည့် ဥက္ကဋ္ဌကို နိုင်ငံတော်သမတက သင့်တော်သလိုအချိန်ကာလသတ်မှတ်၍ ခန့်ထားနိုင်သည်။ ထိုသို့ ခန့် ထားခြင်းခံရသည့် ဥက္ကဋ္ဌသည်၊ စိုက်ပျိုးရေးဘဏ်၏ အလုပ်ကိစ္စကိုသာ အချိန်လုံးလုံးပေး၍ လုပ်ကိုင်ရ မည်။ ထို့ပြင် နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်၊ ဒါရိုက်တာအဖွဲ့ကသတ်မှတ်သည့်လစာနှင့် စ ရိတ်ကြေးငွေများကို ရရှိရမည့်ပြင်၊ ယင်းသို့ သတ်မှတ်သည့် အမှုထမ်း စည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

ဤအက်ဥပဒေအရပြုသည့် စည်းမျဉ်းဥပဒေများတွင် ဆန့်ကျင်သော အချက်များ မပါရှိက၊ ဒါရိုက်တာအဖွဲ့က လုပ်ဆောင်ခွင့်ရှိသည့် စိုက်ပျိုးရေးဘဏ်လုပ်ငန်းအားလုံးကို ဥက္ကဋ္ဌက ဆောင်ရွက်နိုင်သည့် အာဏာရှိစေရမည်။

ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းမပြုရသော ပုဂ္ဂိုလ်များ။

၁၄။ ။ အောက်တွင်ဖော်ပြထားသော ပုဂ္ဂိုလ်များအနက်၊ မည်သူ့ကိုမျှ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (က) အရ၊ ဒါရိုက်တာအဖြစ်ခန့်ထားခြင်းမပြုရ။

(က) ပြည်ထောင်စုအစိုးရ၏၊ သို့တည်းမဟုတ် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အစိုးရ၏၊ သို့တည်းမ ဟုတ် ဒေသန္တရအဖွဲ့၏၊ သို့တည်းမဟုတ် အစိုးရက ဖွဲ့စည်းထားသော အဖွဲ့များ၏ လခစားရာထမ်းမှု ထမ်း။

(ခ) ပြည်ထောင်စုဘဏ်နှင့် ပြည်ထောင်စုအစိုးရကတည်ထောင်ထားသော ဘဏ်များမှတပါး၊ အခြား ဘဏ်လုပ်ငန်းအဖွဲ့အစည်းတခုခုမှ ဒါရိုက်တာ၊ သို့တည်းမဟုတ် ရာထမ်း မှုထမ်း။

(ဂ) လူမွဲအဖြစ်ဆုံးဖြတ်ကျေညာခြင်းခံရသူ၊ သို့တည်းမဟုတ် ကြွေးမြီပေးဆပ်ခြင်းအားလုံးကို ရပ်ဆိုင်း ထားသူ၊ သို့တည်းမဟုတ် လူမွဲအဖြစ် မိမိ၏မြီရှင်များနှင့် စေ့စပ်သူ။

(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ။

**ခြွင်းချက်**။ ။ သို့ရာတွင် နိုင်ငံတော်သမတသည်၊ စာဖြင့်အကြောင်းထူးကို ရေးသားဖော်ပြလျက်၊ မည်သူ ကို မဆိုအထက်ပါပြဋ္ဌာန်းချက်မှ ကင်းလွတ်ခွင့်ပေးနိုင်သည်။

ဒါရိုက်တာရာထူးမှ ရပ်စဲခြင်း။

၁၅။ ။ ဒါရိုက်တာတဦးသည်-

(က) ပုဒ်မ ၁၄ တွင်ဖော်ပြပါရှိသည့်အတိုင်း အရည်အချင်းပျက်ယွင်းသည့် အခြေသို့ ကျရောက်ခဲ့လျှင်၊ သို့တည်းမဟုတ်

(ခ) မိမိ၏တာဝန်ဝတ်တရားများကို ထာဝစဉ်မထမ်းဆောင်နိုင်ခဲ့လျှင်၊ သို့တည်းမဟုတ်

(ဂ) ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ၊ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးသို့ သုံးလလုံးလုံးဆက်၍ မ တက်မရောက်ပျက်ကွက်ခဲ့လျှင်၊ သို့တည်းမဟုတ်

(ဃ) နိုင်ငံတော်သမတထံသို့ စာဖြင့်ရေးသား၍ မိမိရာထူးမှ နုတ်ထွက်ခဲ့လျှင် ထိုသူသည် ဒါရိုက်တာရာ ထူးမှ ရပ်စဲခဲ့သည်ဟု နိုင်ငံတော်သမတက ပြန်တမ်းတွင် ကျေညာ၍ အမိန့်ထုတ်ပြန်ရမည်။

ဒါရိုက်တာရာထူးမှနုတ်ပယ်ခြင်း။

၁၆။ ။ ခန့်ထားသည့် ဒါရိုက်တာတဦးသည်၊ ဒါရိုက်တာအဖြစ်ဆက်လက်ဆောင်ရွက်ရန် မသင့်လျော်ဟု နိုင်ငံတော်သမတက ယူဆသည့်အခါတွင်၊ ထိုဒါရိုက်တာကို နိုင်ငံတော်သမတက ရာထူးမှ နုတ်ပယ်နိုင် သည်။

ရှောင်တခင် လစ်လပ်သောရာထူးများ။

၁၇။ ။ ဒါရိုက်တာအဖွဲ့တွင်၊ သေဆုံး၍ဖြစ်စေ၊ ပုဒ်မ ၁၅ နှင့် ၁၆ ပါပြဋ္ဌာန်းချက်များကြောင့်ဖြစ်စေ ရှောင်တခင်လစ်လပ်သောရာထူး၌၊ ထိုသက်ဆိုင်သူ ဒါရိုက်တာ၏ ကျန်ရှိနေသေးသော ရာထူးသက် တမ်းကုန်ဆုံးသည်တိုင်အောင် ဆက်လက်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်သမတသည် ဒါရိုက်တာ အဖွဲ့ဝင် အသစ်တဦးကို ဖြည့်စွက်ခန့်ထားရမည်။

ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးများ။

၁၈။ ။ (၁) ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးများကို အထွေထွေမန်နေဂျာက၊ အနည်းဆုံးတလလျှင် တ ကြိမ်ခေါ်ရမည်။

(၂) ဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ဥက္ကဋ္ဌမရှိလျှင် ဒုတိယဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ဒါရိုက်တာသုံးဦး သည်၊ မည်သည့်အချိန်ကာလ၌မဆို၊ ဒါရိုက်တာအဖွဲ့၏အစည်းအဝေးပြုလုပ်ရန် အထွေထွေမန်နေဂျာ အား ညွှန်ကြားနိုင်သည်။

(၃) ဒါရိုက်တာအဖွဲ့ဝင်ငါးဦးတက်ရောက်လျှင် အစည်းအဝေးအထမြောက်စေရမည်။

(၄) ဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ထိုသူမရှိလျှင် ဒုတိယဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် နှစ်ဦးစလုံးမရှိ လျှင် တက်ရောက်သည့် ဒါရိုက်တာအဖွဲ့ဝင်လူကြီးများက ရွေးကောက်တင်မြှောက်သည့် ဒါရိုက်တာတဦး သည် ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဒါရိုက်တာအဖွဲ့၏ အဆုံး အဖြတ်သည် အစည်းအဝေးတွင် တက်ရောက်မဲပေးသည့် (သဘာပတိအပါအဝင်ဖြစ်သော) လူကြီးများ ရာ၏ မဲဖြင့်ဆုံးဖြတ်သည့်အတိုင်းဖြစ်ရမည်။ မဲအရေအတွက်တူညီနေလျှင် သဘာပတိသည် အနိုင်မဲကို ပေးရမည်။

(၅) အထွေထွေမန်နေဂျာသည်၊ ဒါရိုက်တာအဖွဲ့၏အစည်းအဝေးများတွင် အတွင်းရေးမှူးအဖြစ် ဆောင် ရွက်ရမည်။

ဘဏ် အရာရှိများ။

၁၉။ ။ (၁) ဒါရိုက်တာအဖွဲ့သည် စိုက်ပျိုးရေး ဘဏ်အတွက် အထွေထွေမန်နေဂျာနှင့် အခြားရာထမ်းမှု ထမ်းများကို စိုက်ပျိုးရေးဘဏ်၏ ဝတ်တရားများကျေပြွန်အောင် ဆောင်ရွက်နိုင်စေရန် လိုအပ်သည့် အ တိုင်း ခန့်ထားရမည်။

(၂) အချိန်ပြည့် ဥက္ကဋ္ဌကို ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၅) အရ နိုင်ငံတော်သမတက ခန့်ထားခြင်းမပြုသော အချိန် ကာလအတွင်း၊ အထွေထွေမန်နေဂျာသည် စိုက်ပျိုးရေးဘဏ်၏ အုပ်ချုပ်ရေးမှူးဖြစ်ရမည်။ စိုက်ပျိုးရေး ဘဏ်၏ အလုပ်ကိစ္စများတွင် စီမံအုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ညွှန်ကြားခြင်း၊ ကြီးကြပ်ကြည့်ရှုခြင်း၊ စီမံ အုပ်ချုပ်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရမည်။

(၃) စိုက်ပျိုးရေးဘဏ်၏ ရာထမ်းမှုထမ်းများသည်၊ ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့် အမှုထမ်း စည်း ကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင်၊ ထိုအဖွဲ့က သတ်မှတ်သည့်လစာနှင့် စရိတ်ကြေးငွေ များကို ရရှိစေရမည်။

အစိုးရရာထမ်း မှုထမ်းများကို လွှဲပြောင်းယူခြင်း။

၂၀။ ။ (၁) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (၁) အရ စိုက်ပျိုးရေးဘဏ်၏ ရာထမ်းမှုထမ်းများခန့်ထားရာတွင်၊ ဒါရိုက် တာအဖွဲ့သည် ပြည်ထောင်စုအစိုးရလက်အောက်တွင် အမှုထမ်းရွက်ဆဲဖြစ်သော နိုင်ငံ့ဝန်ထမ်းများကို သက်ဆိုင်ရာဌာန၏ သဘောတူညီချက်အရ၊ လွှဲပြောင်းယူခြင်းဖြင့်ခန့်ထားနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ လွှဲပြောင်းယူခြင်းဖြင့် ခန့်ထားသော အစိုးရရာထမ်း မှုထမ်းများသည်၊ စိုက်ပျိုးရေး ဘဏ်တွင် အမှုထမ်းနေသည့် အချိန်ကာလအတွင်း ၎င်းတို့အား ခန့်ထားသော ရာထူးအလိုက် ဒါရိုက်တာ အဖွဲ့က သတ်မှတ်ထားသောလစာနှင့် စရိတ်ကြေးငွေများကို ရရှိမည့်ပြင်၊ ဒါရိုက်တာအဖွဲ့က သတ်မှတ် သည့် အမှုထမ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(၃) ပုဒ်မခွဲ (၁) အရ ခန့်ထားသော ရာထမ်းမှုထမ်းများသည် မိမိတို့၏ အမြဲတန်းရာထူးလက်ရှိဖြစ်သော သက်ဆိုင်ရာဌာန၏ သဘောတူညီချက်အရ သတ်မှတ်သော အချိန်ကာလကုန်ဆုံးသည့်အခါ၊ စိုက်ပျိုး ရေးဘဏ်တွင်

အမြဲတန်းအမှုထမ်းအဖြစ် ခံယူနိုင်ခွင့်၊ သို့တည်းမဟုတ် မိမိတို့၏ အမြဲတန်းရာထူး လက်ရှိဖြစ်သော သက်ဆိုင်ရာဌာနသို့ ပြန်လည်ပြောင်းရွှေ့နိုင်ခွင့်ရရှိစေရမည်။

ငွေချေး ဌာနများ သီးခြားဖွင့်လှစ်ခြင်း။

၂၁။ ။ (၁) စိုက်ပျိုးရေးဘဏ်သည်၊ ပုဒ်မ ၅ ပါရည်ရွယ်ချက်များအောင်မြင်နိုင်သမျှ အောင်မြင်စေရန်၊ မိမိ ၏လုပ်ငန်းများကို အောက်တွင်ဖေါ်ပြထားသည့် ဌာနများသီးခြားဖွင့်လှစ်ထားရှိ၍ လုပ်ကိုင်နိုင်သည်-

(က) တရာသီနှစ်ချင်းဆပ်ချေးငွေဌာန။

(ခ) နှစ်တို ချေးငွေဌာန။

(ဂ) သမဝါယမအသင်းများဆိုင်ရာ ချေးငွေဌာန။

(ဃ) နှစ်ရှည်ချေးငွေဌာန။

(င) အစိုးရကိုယ်စားလှယ်ဌာန။

(၂) စိုက်ပျိုးရေးဘဏ်သည်၊ မိမိပိုင်ရင်းနှီးငွေကို၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တွင် ဖေါ်ပြထားသည့် ဌာနလေးခုအတွက်သာ အသုံးပြုရမည်။ အပိုဒ် (င) တွင် ပါရှိသည့် အစိုးရကိုယ်စားလှယ် ဌာနအတွက် အသုံးမပြုရ။

## အခန်း ၃။

## တရာသီနှစ်ချင်းဆပ် ချေးငွေဌာန။

ချေးငွေဌာနသီးခြားဖွင့်လှစ်ခြင်း။

၂၂။ ။ (၁) စိုက်ပျိုးရေးဘဏ်တွင်၊ လယ်ယာလုပ်ကိုင်သူတို့ နှစ်စဉ်လိုအပ်သော စိုက်ပျိုးရေးစရိတ်များကို၊ ဤအခန်းပါပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ချေးနိုင်ရန်အလို့ငှါ၊ တရာသီနှစ်ချင်းဆပ်ချေးငွေဌာန တခု သီးခြားဖွင့်လှစ်ထားရမည်။

(၂) တရာသီ နှစ်ချင်းဆပ် ချေးငွေဌာန၏ လုပ်ငန်းများနှင့် စာရင်းများကို အခြားဌာနများ၏ လုပ်ငန်း များ စာရင်းများနှင့် မရောယှက်စေဘဲ၊ သီးခြားလုပ်ကိုင်ထားရှိရမည်။

တရာသီ နှစ်ချင်းဆပ်ချေးငွေဌာန၏ ရင်းနှီးငွေ။

၂၃။ ။ တရာသီနှစ်ချင်းဆပ် ချေးငွေဌာနမှ ထုတ်ချေးရန်ငွေကို၊ စိုက်ပျိုးရေးဘဏ်သည် နှစ်စဉ် သီးခြား သတ်မှတ်ထားရမည်။

ငွေထုတ်ချေးနိုင်သည့် ကိစ္စများ။

၂၄။ ။ တရာသီနှစ်ချင်းဆပ် ချေးငွေဌာနသည်၊ လယ်ယာလုပ်ကိုင်သူတို့အား အောက်ဖေါ်ပြပါကိစ္စများ အတွက် ငွေထုတ်ချေးနိုင်သည်။

(က) စိုက်ပျိုးမည့် သီးနှံအတွက် မျိုးစေ့ဝယ်ရန်။

(ခ) ဝမ်းစာစပါးဝယ်ရန်။

(ဂ) ပျိုးနုတ်ခ၊ ကောက်စိုက်ခ၊ ရိတ်သိမ်းခ အစရှိသည့် လယ်ယာအလုပ်သမားတို့အား အခပေးရန်။

(ဃ) ဒေသနှင့်လျော်ညီစွာ နေထိုင်မှုအဆင့်အတန်းအလိုက် စားမှုဝတ်မှုအတွက် အသုံးပြုရန်။

(င) တရာသီအတွင်း စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် အခြားကိစ္စတခုခုအတွက် အသုံးပြုရန်။

ငွေချေးနိုင်သည့် အဖွဲ့အစည်းများ။

၂၅။ ။ (၁) စိုက်ပျိုးရေးဘဏ်သည်၊ ဤအခန်းပါကိစ္စများအလို့ငှါ ပုဒ်မ ၆၊ ပုဒ်မခွဲ (၃) အရ၊ အသိအမှတ် ပြုထားသော ကျေးရွာဘဏ်များသို့ ငွေထုတ်ချေးနိုင်သည်။

(၂) ပုဒ်မ ၆၊ ပုဒ်မခွဲ (၃) အရ အသိအမှတ်ပြုထားသည့် ကျေးရွာဘဏ်များကိုမှတပါး ချေးငွေများကို၊ လယ်ယာလုပ်ကိုင်သူတို့၏ ကိုယ်စားလှယ်အနေဖြင့် မည်သည့်လူပုဂ္ဂိုလ်၊ အသင်း၊ အဖွဲ့၊ အစည်းအရုံး များကိုမျှ ထုတ်ချေးခြင်းမပြုရ။

ချေးငွေ လျှောက်ထားခြင်း၊ အာမခံပေးခြင်းနှင့် ပြန်လည် ပေးဆပ်ရမည့်နည်းလမ်းများ။

၂၆။ ။ တရာသီ နှစ်ချင်းဆပ် ချေးငွေများရရှိရန် လျှောက်ထားခြင်း၊ အာမခံပေးခြင်းနှင့် ပြန်လည်ပေး ဆပ်ရမည့်နည်းလမ်းများသည်၊ ဤအက်ဥပဒေအရ ပြုသည့် စည်းမျဉ်းဥပဒေများအတိုင်း ဖြစ်စေရမည်။

ချေးငွေ၏ အချိန်ကာလ ကန့်သတ်ချက်။

၂၇။ ။ တရာသီ နှစ်ချင်းဆပ် ချေးငွေများကို၊ စိုက်ပျိုးရေး ရာသီအစတွင် ချေးငှါး၍၊ ကောက်ပဲသီးနှံပေါ်သည့်အခါ ပြန်လည်ပေးဆပ်စေရမည်။ ဤချေးငွေမျိုးကို မည်သည့်နည်းနှင့်မျှ ဆယ့်နှစ်လထက်ပိုသော အချိန်ကာလအတွက် ချေးငှါးခြင်းမပြုရ။

**ခြွင်းချက်။ ။** သို့ရာတွင် ဆယ့်နှစ်လအတွင်း ရိတ်သိမ်းရောင်းချခြင်း မပြုနိုင်သော ကောက်ပဲသီးနှံများ ကို နိုင်ငံတော်သမတက အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်ဖြင့်၊ ဤပုဒ်မပါ အချိန်ကာလ ကန့်သတ်ချက်နှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

<ပြင်ဆင် 00.00.1955>

ပေးဆပ်ရန်ပျက်ကွက်ခြင်း။

၂၈။ ။ ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ၊ ထုတ်ချေးသောချေးငွေများကို၊ ချေးယူသူက ပြန်လည်ပေး ဆပ်ရန်ပျက်ကွက်ခဲ့သော်၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများတွင် ပြဋ္ဌာန်းသည့်အတိုင်း စိုက် ပျိုးရေးဘဏ်က ဆောင်ရွက်ရမည်။

တရာသီ နှစ်ချင်းဆပ်ချေးငွေဌာန၏ အရှုံးအမြတ်။

၂၉။ ။ တရာသီ နှစ်ချင်းဆပ်ချေးငွေဌာန၏ လုပ်ငန်းမှထွက်ပေါ်သော နှစ်ချုပ်အရှုံးအမြတ်များကို၊ စိုက် ပျိုးရေးဘဏ်၏ နှစ်ချုပ်အရှုံးအမြတ်စာရင်းထဲသို့ ကူးပြောင်းထည့်သွင်းရမည်။

စိုက်ပျိုးရေးဘဏ်၏အခြားအာဏာနှင့် အခွင့်အရေးများကို မချုတ်ချယ်ခြင်း။

၃၀။ ။ ဤအခန်းတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေ၏အခြားအခန်းများတွင် ပါရှိ သည့် ပြဋ္ဌာန်းချက်များဖြင့်၊ စိုက်ပျိုးရေးဘဏ်အား အပ်နှင်းထားသည့် အခြားအာဏာနှင့် အခွင့်အရေး များကို ချုတ်ချယ်သည်ဟု မမှတ်ယူရ။

## အခန်း ၄။

## နှစ်တို ချေးငွေဌာန။

ချေးငွေဌာန သီးခြားဖွင့်လှစ်ခြင်း။

၃၁။ ။ (၁) စိုက်ပျိုးရေးဘဏ်တွင်၊ လယ်ယာလုပ်ကိုင်သူတို့သို့ အချိန်ကာလအားဖြင့်၊ သုံးနှစ်မှ ငါးနှစ်အ ထိ အသုံးပြုနိုင်ရန် ဤအခန်းပါပြဋ္ဌာန်းချက်များနှင့်အညီ အချိန်တိုချေးငွေများထုတ်ချေးနိုင်ရန်အလို့ငှါ၊ နှစ်တိုချေးငွေဌာနတခု သီးခြားဖွင့်လှစ်ထားနိုင်သည်။

(၂) နှစ်တိုချေးငွေဌာန၏ လုပ်ငန်းများနှင့် စာရင်းများကို၊ အခြားဌာနများ၏ လုပ်ငန်းများ၊ စာရင်းများ နှင့် မရောယှက်စေဘဲ၊ သီးခြားလုပ်ကိုင်ထားရှိရမည်။

နှစ်တိုချေးငွေဌာန၏ ရင်းနှီးငွေ။

၃၂။ ။ နှစ်တိုချေးငွေဌာနမှ ထုတ်ချေးရန်ငွေကို၊ စိုက်ပျိုးရေးဘဏ်သည် နှစ်စဉ် သီးခြားသတ်မှတ် ထားနိုင်သည်။

ငွေထုတ်ချေးနိုင်သည့် ကိစ္စများ။

၃၃။ ။ နှစ်တိုချေးငွေဌာနသည် လယ်ယာလုပ်ကိုင်သူတို့အား၊ အောက်ဖေါ်ပြပါကိစ္စများအတွက် ငွေထုတ် ချေးနိုင်သည်။

(က) စိုက်ပျိုးရေးတွင် အသုံးပြုရန်လိုသည့် ကျွဲ နွား တိရစ္ဆာန်များဝယ်ရန်။

(ခ) စိုက်ပျိုးရေးတွင် အသုံးပြုရန်လိုသည့် စက်နှင့် ကိရိယာတန်ဆာပလာများဝယ်ရန်။

ငွေချေးနိုင်သည့် အဖွဲ့အစည်းများ။

၃၄။ ။ (၁) ဤအခန်းပါပြဋ္ဌာန်းချက်များအရ ထုတ်ချေးသော နှစ်တိုချေးငွေများကို၊ စိုက်ပျိုးရေးဘဏ် ခရိုင်ရုံးခွဲများက လယ်ယာလုပ်ကိုင်သူတို့အား တိုက်ရိုက်ထုတ်ချေးနိုင်သည်။

(၂) နှစ်တိုချေးငွေများ ချေးငှါးရာတွင်၊ စိုက်ပျိုးရေးဘဏ်သည် စိုက်ပျိုးရေးဘဏ်က အသိအမှတ်ပြု ထားသော ကျေးရွာဘဏ်များက လယ်ယာလုပ်ကိုင်သူများအား ထုတ်ချေးနိုင်ရန်အလို့ငှါ၊ အဆိုပါ ကျေး ရွာဘဏ်များသို့ ငွေထုတ်ချေးနိုင်သည်။

**ခြွင်းချက်**။ ။ သို့ရာတွင် ဤပုဒ်မခွဲသည်၊ နိုင်ငံတော်သမတက၊ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်၍ သတ် မှတ်သည့်နေ့မှ စတင်အတည်ဖြစ်ရမည်။

(၃) ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့် ကျေးရွာဘဏ်များကိုမှတပါး၊ ချေးငွေများကို လယ်ယာလုပ်ကိုင် သူတို့၏ ကိုယ်စားလှယ်အနေဖြင့် မည်သည့် လူ ပုဂ္ဂိုလ်၊ အသင်း၊ အဖွဲ့ အစည်းအရုံးများကိုမျှ ထုတ်ချေး ခြင်းမပြုရ။

အပေါင်ခံယူနိုင်ခြင်း။

၃၅။ ။ စိုက်ပျိုးရေးဘဏ်သည် နှစ်တိုချေးငွေဌာနမှ ထုတ်ချေးသောငွေများအတွက်၊ ဤအက်ဥပဒေအရပြုသည့် စည်းမျဉ်းဥပဒေများအရ သတ်မှတ်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို၊ သို့တည်းမဟုတ် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို၊ သို့တည်းမဟုတ် နှစ်မျိုးလုံးကို အာမခံအဖြစ် အပေါင်ခံယူနိုင်သည်။

<ပြင်ဆင် 15.10.1953>

ချေးငွေလျှော့ထားခြင်း၊ အာမခံပေးခြင်းနှင့် ပြန်လည်ပေးဆပ်ရမည့် နည်းလမ်းများ။

၃၆။ ။ နှစ်တိုချေးငွေများရရှိရန် လျှောက်ထားခြင်း၊ အာမခံပေးခြင်းနှင့် ပြန်လည်ပေးဆပ်ရမည့် နည်း လမ်းများသည် စိုက်ပျိုးရေးဘဏ်က ဤအက်ဥပဒေအရပြုသည့် စည်းမျဉ်းဥပဒေများအတိုင်း ဖြစ် ရမည်။

<ပြင်ဆင် 15.10.1953>

ချေးငွေ၏ အချိန်ကာလကန့်သတ်ချက်။

၃၇။ ။ နှစ်တိုချေးငွေများကို မည်သည့်နည်းနှင့်မျှ ငါးနှစ်ထက်ပိုသော အချိန်ကာလအတွက် ထုတ်ချေး ခြင်းမပြုရ။

ချေးငွေကန့်သတ်ခြင်း။

၃၈။ ။ နှစ်တိုချေးငွေများကို ချေးယူသူက အာမခံအဖြစ် အပေါင်ပေးသည့် ပစ္စည်း၏ ကာလတန်ဘိုးကို အထောက်အထားပြု၍ ထုတ်ချေးရမည်။ ချေးငွေတရပ်သည် မည်သည့်အခါမျှ အာမခံအဖြစ်အပေါင်ပေး သော ပစ္စည်းကာလတန်ဘိုး၏ ၇၅ ရာခိုင်နှုန်းထက်မပိုစေရ။

နှစ်စဉ်အရစ်ကျပေးဆပ်နိုင်ခွင့်။

၃၉။ ။ (၁) နှစ်တိုချေးငွေများကို သာမန်အားဖြင့်၊ ငါးနှစ်အတွင်း နှစ်စဉ်အရစ်ကျ ပြန်လည်ပေးဆပ်စေ ရမည်။

(၂) ပုဒ်မခွဲ (၁) တွင် မည်သို့ပင်ပါရှိစေကာမူ ငွေချေးယူသူသည် စိုက်ပျိုးရေးဘဏ်မှ ငွေထုတ်ချေးသည့် နေ့မှ ငါးနှစ်အတွင်း မည်သည့်အချိန်၌မဆို ချေးငွေအရင်းနှင့် ပေးသင့်သော အတိုးများကို တကြိမ်တည်း အပြေပေးဆပ်နိုင်သည်။

ချေးငွေ ပေးဆပ်ရန် ပျက်ကွက်ခြင်း။

၄၀။ ။ ဤအခန်းပါပြဋ္ဌာန်းချက်များအရ၊ ထုတ်ချေးသောငွေများကို ငွေချေးယူသူက ပြန်လည်ပေးဆပ် ရန် ပျက်ကွက်ခဲ့လျှင်၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများတွင် ပြဋ္ဌာန်းသည့်အတိုင်း စိုက်ပျိုး ရေးဘဏ်က ဆောင်ရွက်ရမည်။

နှစ်တိုချေးငွေဌာန၏အရှုံးအမြတ်။

၄၁။ ။ နှစ်တိုချေးငွေဌာန၏ လုပ်ငန်းမှထွက်ပေါ်သော နှစ်ချုပ်အရှုံးအမြတ်များကို စိုက်ပျိုးရေးဘဏ်၏ နှစ်ချုပ်အရှုံးအမြတ်စာရင်းထဲသို့ ကူးပြောင်းထည့်သွင်းရမည်။

စိုက်ပျိုးရေးဘဏ်၏ အခြားအာဏာနှင့် အခွင့်အရေးများကို မချုတ်ချယ်ခြင်း။

၄၂။ ။ ဤအခန်းတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေ၏ အခြားအခန်းများတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များဖြင့် စိုက်ပျိုးရေးဘဏ်အားအပ်နှင်းထားသည့် အခြားအာဏာနှင့် အခွင့်အရေးများကို ချုတ်ချယ်သည်ဟု မမှတ်ယူရ။

## အခန်း ၅။

## သမဝါယမအသင်းများဆိုင်ရာချေးငွေဌာန။

ချေးငွေဌာန သီးခြားဖွင့်လှစ်ခြင်း။

၄၃။ ။ (၁) စိုက်ပျိုးရေးဘဏ်တွင်၊ ဤအခန်းပါပြဋ္ဌာန်းချက်များနှင့်အညီ၊ သမဝါယမအသင်းများသို့ ငွေ ထုတ်ချေးနိုင်ရန် အလို့ငှါ၊ သမဝါယမအသင်းများဆိုင်ရာ ချေးငွေဌာနတခုသီးခြား ဖွင့်လှစ်ထားနိုင် သည်။

(၂) သမဝါယမအသင်းများဆိုင်ရာ ချေးငွေဌာန၏ လုပ်ငန်းများနှင့်စာရင်းများကို အခြားဌာနများ၏ လုပ်ငန်းများ၊ စာရင်းများနှင့် မရောယှက်စေဘဲ သီးခြားလုပ်ကိုင်ထားရှိရမည်။

သမဝါယမအသင်းများဆိုင်ရာ ချေးငွေဌာန၏ ရင်းနှီးငွေ။

၄၄။ ။ သမဝါယမအသင်းများဆိုင်ရာ ချေးငွေဌာနမှ ထုတ်ချေးရန်ငွေကို၊ စိုက်ပျိုးရေးဘဏ်သည် နှစ်စဉ် သီးခြားသတ်မှတ်ထားနိုင်သည်။

ငွေထုတ်ချေးနိုင်သည့် သမဝါယမအသင်းများ။

၄၅။ ။ စိုက်ပျိုးရေးဘဏ်သည် ဤဌာနမှအောက်ဖော်ပြပါ သမဝါယမအသင်းများသို့ ငွေထုတ်ချေးနိုင် သည်။

(က) အသင်းဝင်လူဦးရေစုစုပေါင်းတွင်၊ လယ်ယာလုပ်ကိုင်သူတို့၏ ဦးရေသည်၊ အနည်းဆုံး ၇၅ ရာခိုင် နှုန်းရှိသော သမဝါယမငွေစုငွေချေးနှင့် စုပေါင်းရောင်းဝယ်ရေးအသင်းများ။

(ခ) အသင်းဝင်လူဦးရေ စုစုပေါင်းတွင်၊ လယ်ယာလုပ်ကိုင်သူတို့၏ ဦးရေသည်၊ အနည်းဆုံး ၇၅ ရာခိုင် နှုန်းရှိသော ကုန်ထုတ်လုပ်သူများ၏ လုပ်ငန်းပေါင်းစုံ သမဝါယမအသင်းများ။

ငွေထုတ်ချေးနိုင်သည့် ကိစ္စများ။

၄၆။ ။ စိုက်ပျိုးရေးဘဏ်သည်၊ ပုဒ်မ ၄၅ တွင်ဖော်ပြထားသည့် သမဝါယမအသင်းများသို့၊ အောက်ပါကိစ္စများအတွက် အသုံးပြုရန် တရာသီနှစ်ချင်းဆပ် ချေးငွေများကို ထုတ်ချေးနိုင်သည်။

(က) စိုက်ပျိုးမည့်သီးနှံအတွက် မျိုးစေ့ဝယ်ရန်။

(ခ) ဝမ်းစာစပါးဝယ်ရန်။

(ဂ) ပျိုးနုတ်ခ၊ ကောက်စိုက်ခ၊ ရိတ်သိမ်းခ အစရှိသည့် လယ်ယာအလုပ်သမားတို့အား အခပေးရန်။

(ဃ) ဒေသနှင့်လျော်ညီစွာ၊ နေထိုင်မှုအဆင့်အတန်းအလိုက် စားမှုဝတ်မှုအတွက် အသုံးပြုရန်။

(င) တရာသီအတွင်း၊ စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် အခြားကိစ္စတခုခုအတွက် အသုံးပြုရန်။

ချေးငွေ လျှောက်ထားခြင်း၊ အာမခံပေးခြင်းနှင့် ပြန်လည်ပေးဆပ်သည့် နည်းလမ်းများ။

၄၇။ ။ တရာသီနှစ်ချင်းဆပ် ချေးငွေများရရှိရန် လျှောက်ထားခြင်း၊ ထိုချေးငွေများအတွက် အာမခံပေး ခြင်းနှင့် ပြန်လည်ပေးဆပ်ရမည့် နည်းလမ်းများသည် စိုက်ပျိုးရေးဘဏ်က ဤအက်ဥပဒေအရ ပြုသည့် စည်းမျဉ်းဥပဒေများအတိုင်း ဖြစ်ရမည်။

ချေးငွေ၏ အချိန်ကာလ ကန့်သတ်ခြင်း။

၄၈။ ။ တရာသီနှစ်ချင်းဆပ် ချေးငွေများကို၊ စိုက်ပျိုးရေးရာသီအစတွင် ချေးငှါး၍ သီးနှံပေါ်သည့်အခါ ပြန်လည်ပေးဆပ်စေရမည်။ ဤချေးငွေမျိုးကို မည်သည့်နည်းနှင့်မျှ ဆယ့်နှစ်လထက်ပိုသော အချိန်ကာ လအတွက် ချေးငှါးခြင်းမပြုရ။

နှစ်တို ချေးငွေများ။

၄၉။ ။ ပုဒ်မ ၄၆ ပါပြဋ္ဌာန်းချက်နှင့်အညီ ထုတ်ချေးသော တရာသီနှစ်ချင်းဆပ်ချေးငွေများအပြင်၊ စိုက် ပျိုးရေးဘဏ်သည်၊ ပုဒ်မ ၄၅ တွင် ဖော်ပြထားသည့် သမဝါယမအသင်းများသို့၊ အောက်ပါကိစ္စများအ တွက် အသုံးပြုရန် နှစ်တိုချေးငွေများကိုလည်း ထုတ်ချေးနိုင်သည်။

(က) စိုက်ပျိုးရေးတွင် အသုံးပြုရန်လိုသည့် ကျွဲနွားတိရစ္ဆာန်များဝယ်ရန်။

(ခ) စိုက်ပျိုးရေးတွင် အသုံးပြုရန်လိုသည့် စက်နှင့် ကိရိယာတန်ဆာပလာများဝယ်ရန်။

(ဂ) သမဝါယမအသင်းက ဦးစီးလုပ်ကိုင်မည့် ကျေးရွာစီးပွါးရေးလုပ်ငန်းတရပ်ရပ်တွင် အသုံးပြုရန်။

**ခြွင်းချက်**။ ။ သို့ရာတွင် အပိုဒ် (ဂ) တွင်ပါရှိသည့်ပြဋ္ဌာန်းချက်သည်၊ နိုင်ငံတော်သမတက ထိုပြဋ္ဌာန်းချက်အတည်ဖြစ်ရမည်ဟု အမိန့်ကြော်ငြာစာဖြင့် မကျေညာမခြင်းအတည်မဖြစ်စေရ။

အာမခံအဖြစ် ပစ္စည်းအပေါင်ခံယူနိုင်ခြင်း။

၅၀။ ။ ပုဒ်မ ၄၉ ပါပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ချေးသော နှစ်တိုချေးငွေများအတွက်၊ စိုက်ပျိုးရေး ဘဏ်သည်၊ ဤအက်ဥပဒေအရ ပြုသည့် စည်းမျဉ်းဥပဒေများအရ သတ်မှတ်သော မရွှေ့မပြောင်းနိုင် သည့် ပစ္စည်းကို၊ သို့တည်းမဟုတ် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို၊ သို့တည်းမဟုတ် နှစ်မျိုးလုံးကို ငွေချေး ယူသောသမဝါယမအသင်းထံမှ အာမခံအဖြစ် အပေါင်ခံယူနိုင်သည်။

ချေးငွေလျှောက်ထားခြင်း၊ အာမခံပေးခြင်းနှင့် ပြန်လည်ပေးဆပ်ရမည့် နည်းလမ်းများ။

၅၁။ ။ ဤအခန်းပါပြဋ္ဌာန်းချက်များနှင့်အညီ နှစ်တိုချေးငွေများရရှိရန် လျှောက်ထားခြင်း၊ ထိုချေးငွေ များအတွက် အာမခံပေးခြင်းနှင့် ပြန်လည်ပေးဆပ်ရမည့် နည်းလမ်းများသည်၊ စိုက်ပျိုးရေးဘဏ်က ဤ အက်ဥပဒေအရ ပြုသည့် စည်းမျဉ်းဥပဒေများအတိုင်းဖြစ်ရမည်။

ချေးငွေ၏အချိန်ကာလကန့်သတ်ခြင်း။

၅၂။ ။ နှစ်တိုချေးငွေများကို မည်သည့်နည်းနှင့်မျှ ငါးနှစ်ထက်ပိုသော အချိန်ကာလအတွက် ထုတ်ချေး ခြင်းမပြုရ။

ချေးငွေကန့်သတ်ခြင်း။

၅၃။ ။ နှစ်တိုချေးငွေများကို ချေးယူသူက အာမခံအဖြစ် အပေါင်ပေးသည့်ပစ္စည်းများ၏ ကာလတန်ဘိုး ကို အထောက်အထားပြု၍ ထုတ်ချေးရမည်။ ချေးငွေတရပ်သည် မည်သည့်အခါမျှ အာမခံအဖြစ် အပေါင် ပေးသော ပစ္စည်းကာလတန်ဘိုး၏ ၇၅ ရာခိုင်နှုန်းထက်မပိုစေရ။

ချေးငွေကို အရစ်ကျပေးဆပ်ရမည့်အကြောင်း။

၅၄။ ။ (၁) နှစ်တိုချေးငွေများကို သာမန်အားဖြင့်၊ ငါးနှစ်အတွင်း နှစ်စဉ်အရစ်ကျ ပြန်လည်ပေးဆပ်စေရ မည်။

(၂) ပုဒ်မခွဲ (၁) တွင် မည်သို့ပင်ပါရှိစေကာမူ၊ ငွေချေးယူသော သမဝါယမအသင်းသည်၊ စိုက်ပျိုးရေး ဘဏ်မှ ငွေထုတ်ချေးသည့်နေ့မှ ငါးနှစ်အတွင်း မည်သည့်အချိန်၌မဆို ချေးငွေအရင်းနှင့်တကွ ပေးသင့် သော အတိုးများကို တကြိမ်တည်းအပြေပေးဆပ်နိုင်ခွင့်ရှိသည်။

ပေးဆပ်ရန်ပျက်ကွက်ခြင်း။

၅၅။ ။ ဤအခန်းပါပြဋ္ဌာန်းချက်များအရ၊ ထုတ်ချေးသောငွေများကို၊ ချေးယူသောသမဝါယမအသင်းက ဤအက်ဥပဒေအရ ပြုသည့် စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်သည့်အတိုင်း ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခဲ့လျှင်၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ စိုက်ပျိုးရေးဘဏ်က ဆောင်ရွက် ရမည်။

စိုက်ပျိုးရေးဘဏ် ကြွေးမြီကို ဦးစားပေးခြင်း။

၅၆။ ။ သမဝါယမအသင်းများ ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် တရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိ စေကာမူ၊ သမဝါယမအသင်းဖျက်သိမ်းရာတွင်၊ စိုက်ပျိုးရေးဘဏ်သို့ပေးဆပ်ရမည့် ကြွေးမြီများကို၊ ပြည်ထောင်စုအ စိုးရသို့ ပေးဆပ်ရမည့် ကြွေးမြီများမှတပါး၊ အခြားကြွေးမြီအားလုံးထက် ဦးစားပေးရမည်။

<ပြင်ဆင် 15.10.1953>

သမဝါယမအသင်းများဆိုင်ရာ ငွေချေးဌာန၏ အရှုံးအမြတ်။

၅၇။ ။ သမဝါယမအသင်းများဆိုင်ရာ ငွေချေးဌာန၏ လုပ်ငန်းမှထွက်ပေါ်သော အရှုံးအမြတ်များကို၊ စိုက်ပျိုးရေးဘဏ်၏ နှစ်ချုပ်အရှုံးအမြတ်စာရင်းထဲသို့ ကူးပြောင်းထည့်သွင်းရမည်။

စိုက်ပျိုးရေးဘဏ်၏ အခြားအာဏာနှင့် အခွင့်အရေးများကို မချုတ်ချယ်ခြင်း။

၅၈။ ။ ဤအခန်းတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေ၏ အခြားအခန်းများတွင်ပါရှိ သည့် ပြဋ္ဌာန်းချက်များဖြင့် စိုက်ပျိုးရေးဘဏ်အား အပ်နှင်းထားသည့် အခြားအာဏာများနှင့် အခွင့်အ ရေးများကို ချုတ်ချယ်သည်ဟု မမှတ်ယူရ။

## အခန်း ၆။

## နှစ်ရှည်ချေးငွေဌာန။

ချေးငွေဌာနသီးခြားဖွင့်လှစ်ခြင်း။

၅၉။ ။ (၁) စိုက်ပျိုးရေးဘဏ်တွင် ဤအခန်းပါပြဋ္ဌာန်းချက်များနှင့်အညီ၊ အချိန်ကာလအားဖြင့်၊ ငါးနှစ်မှ ဆယ့်ငါးနှစ်အထိ အသုံးပြုနိုင်သော နှစ်ရှည်ချေးငွေများကို ထုတ်ချေးနိုင်ရန်အလို့ငှါ၊ နှစ်ရှည်ချေးငွေဌာန တခု သီးခြားဖွင့်လှစ်ထားနိုင်သည်။

(၂) ဤဌာန၏ လုပ်ငန်းများနှင့် စာရင်းများကို အခြားဌာနများ၏ လုပ်ငန်းများ၊ စာရင်းများနှင့် မရော ယှက်စေဘဲ သီးခြားလုပ်ကိုင်ထားရှိရမည်။

နှစ်ရှည်ချေးငွေဌာန၏ ရင်းနှီးငွေ။

၆၀။ ။ နှစ်ရှည်ချေးငွေဌာနမှ ထုတ်ချေးရန်ငွေကို၊ စိုက်ပျိုးရေးဘဏ်သည် နှစ်စဉ်သီးခြားသတ်မှတ်ထား နိုင်သည်။

ငွေထုတ်ချေးနိုင်သည့် အဖွဲ့အစည်းများ။

၆၁။ ။ စိုက်ပျိုးရေးဘဏ်သည်၊ ဤဌာနမှ လယ်ယာလုပ်ကိုင်သူတို့သို့ တဆင့်ထုတ်ချေးရန်အလို့ငှါ နှစ် ရှည်ချေးငွေများ ထုတ်ချေးရာ၌၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (၃) အရ၊ အသိအမှတ်ပြုထားသော ကျေးရွာဘဏ်များ နှင့် ပုဒ်မ ၄၅ တွင် ပြဋ္ဌာန်းထားသည့် သမဝါယမအသင်းများသို့သာလျှင် ထုတ်ချေးရမည်။

ငွေထုတ်ချေးနိုင်သည့် ကိစ္စများ။

၆၂။ ။ စိုက်ပျိုးရေးဘဏ်သည်၊ ပုဒ်မ ၆၁ တွင်ဖော်ပြသည့် ကျေးရွာဘဏ်များနှင့် သမဝါယမအသင်းများ သို့ အောက်ဖော်ပြပါ ကိစ္စများအတွက် လယ်ယာလုပ်ကိုင်သူတို့သို့ တဆင့်ထုတ်ချေးရန် နှစ်ရှည်ချေးငွေ များ ထုတ်ချေးနိုင်သည်။

(က) စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ရေများကို သိုလှောင်ထားရန်၊ သို့တည်းမဟုတ် ပေးသွင်းရန်၊ သို့တည်း မဟုတ် ဝေငှရန်၊ သို့တည်းမဟုတ် လယ်ယာလုပ်ကိုင်သူတို့နှင့် ကျွဲနွားတိရစ္ဆာန်များ သောက်သုံးရန်အ တွက် ရေတွင်း၊ ရေကန်များတူးဖေါ်လုပ်ကိုင်ခြင်း။

(ခ) ရေသွယ်ရန်အလို့ငှါ မြေကိုပြုပြင်ခြင်း။

(ဂ) စိုက်ပျိုးရေးအတွက် အသုံးပြုသည့်မြေကိုဖြစ်စေ၊ စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မြေရိုင်းကိုဖြစ်စေ ရေ စီးဆင်းစေရန် ရေမြောင်းတူးဖေါက်ခြင်း၊ သို့တည်းမဟုတ် မြစ်၊ ချောင်း၊ မြောင်း စသည်တို့မှ မြေပေါ်လာ အောင် တည်ကျင်းဖို့လုပ်ခြင်း၊ သို့တည်းမဟုတ် ရေလွှမ်းမိုးမှု၊ ရေစားမှု စသည့် ရေဖြင့် ပျက်စီးစေမှုတို့မှ ကာကွယ်ခြင်း။

(ဃ) စိုက်ပျိုးရေးအလို့ငှါ မြေကို တည်ကျင်းဖို့လုပ်ခြင်း၊ တောခုတ်ခြင်း၊ စည်းရိုးကာခြင်း၊ သို့တည်းမ ဟုတ် အမြဲတိုးပွါးဖြစ်ထွန်းအောင် ပြုလုပ်ခြင်း။

(င) အထက်ဖေါ် ပြပါလုပ်ငန်းများကို အသစ်ပြုလုပ်ခြင်း၊ သို့တည်းမဟုတ် ပြန်လည်ထူထောင်ခြင်း၊ သို့ တည်းမဟုတ် ပြောင်းလဲပြင်ဆင်ခြင်း၊ သို့တည်းမဟုတ် နောက်ထပ်ဖြည့်လုပ်ခြင်း။

(စ) ထို့ပြင် စိုက်ပျိုးရေးဘဏ်က ဤအခန်းပါကိစ္စများအလို့ငှါ မြေတိုးပွါးဖြစ်ထွန်းမည့် လုပ်ငန်းဖြစ် ကြောင်း၊ အခါကာလအားလျော်စွာ သတ်မှတ်သည့် အခြားလုပ်ငန်းများ။

အာမခံအဖြစ် ပစ္စည်းအပေါင်ခံယူနိုင်ခြင်း။

၆၃။ ။ ပုဒ်မ ၆၂ ပါပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ချေးသော နှစ်ရှည်ချေးငွေများအတွက် စိုက်ပျိုးရေး ဘဏ်သည်၊ ဤအက်ဥပဒေအရ ပြုသည့် စည်းမျဉ်းဥပဒေများအရ၊ သတ်မှတ်သော မရွှေ့မပြောင်းနိုင် သည့် ပစ္စည်းကို၊ သို့တည်းမဟုတ် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို၊ သို့တည်းမဟုတ် နှစ်မျိုးလုံးကို ပုဒ်မ ၆၁ တွင် ဖေါ် ပြသည့် ကျေးရွာဘဏ်များနှင့် သမဝါယမအသင်းများထံမှ အာမခံအဖြစ် အပေါင်ခံယူနိုင် သည်။

ချေးငွေလျှောက်ထားခြင်း၊ အာမခံပေးခြင်းနှင့် ပြန်လည်ပေးဆပ်သည့် နည်းလမ်းများ။

၆၄။ ။ ဤအခန်းပါပြဋ္ဌာန်းချက်များနှင့်အညီ နှစ်ရှည် ချေးငွေများ ရရှိရန်လျှောက်ထားခြင်း၊ ထိုချေးငွေ များအတွက် အာမခံပေးခြင်းနှင့် ပြန်လည်ပေးဆပ်ရမည့် နည်းလမ်းများသည်၊ စိုက်ပျိုးရေးဘဏ်က ဤ အက်ဥပဒေအရ ပြုသည့် စည်းမျဉ်းဥပဒေများအတိုင်း ဖြစ်ရမည်။

ချေးငွေကန့်သတ်ခြင်း။

၆၅။ ။ နှစ်ရှည်ချေးငွေများကို ချေးယူသူက အာမခံအဖြစ်အပေါင်ပေးသည့် ပစ္စည်းများ၏ ကာလတန်ဘိုး ကို အထောက်အထားပြု၍ ထုတ်ချေးရမည်။ ချေးငွေတရပ်သည် မည်သည့်အခါမျှ အာမခံအဖြစ် အပေါင် ပေးသော ပစ္စည်းကာလတန်ဘိုး၏ ၅၀ ရာခိုင်နှုန်းထက်မပိုစေရ။

ချေးငွေ၏အချိန်ကာလကန့်သတ်ခြင်း။

၆၆။ ။ နှစ်ရှည်ချေးငွေများကို ဆယ့်ငါးနှစ်ထက်ပိုသော အချိန်ကာလအတွက် ထုတ်ချေးခြင်းမပြုရ။

ချေးငွေကို အရစ်ကျပေးဆပ်ရမည့်အကြောင်း။

၆၇။ ။ (၁) နှစ်ရှည်ချေးငွေများကို သာမန်အားဖြင့် ဆယ့်ငါးနှစ်အတွင်း နှစ်စဉ်အရစ်ကျ ပြန်လည်ပေး ဆပ်စေရမည်။

(၂) ပုဒ်မခွဲ (၁) တွင်မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၆၁ တွင်ဖေါ် ပြသည့် ကျေးရွာဘဏ်များနှင့် သမဝါယ မအသင်းများသည် ဆယ့်ငါးနှစ်အတွင်း မည်သည့်အချိန်၌မဆို ချေးငွေအရင်းနှင့်တကွ ပေးသင့်သော အ တိုးများကို တကြိမ်တည်းအပြေပေးဆပ်နိုင်ခွင့်ရှိသည်။

ပေးဆပ်ရန်ပျက်ကွက်ခြင်း။

၆၈။ ။ ဤအခန်းပါပြဋ္ဌာန်းချက်များအရ ထုတ်ချေးသောငွေများကို၊ ချေးယူသော ကျေးရွာဘဏ်များနှင့် သမဝါယမအသင်းများက ဤအက်ဥပဒေအရ ပြုသည့် စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်သည့်အတိုင်း၊ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခဲ့လျှင် ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့်အညီ၊ စိုက်ပျိုး ရေးဘဏ်က ဆောင်ရွက်ရမည်။

နှစ်ရှည်ချေးငွေဌာန၏အရှုံးအမြတ်။

၆၉။ ။ နှစ်ရှည်ချေးငွေဌာန၏ လုပ်ငန်းမှထွက်ပေါ်သော နှစ်ချုပ်အရှုံးအမြတ်များကို စိုက်ပျိုးရေးဘဏ် ၏ နှစ်ချုပ်အရှုံးအမြတ်စာရင်းထဲသို့ ကူးပြောင်းထည့်သွင်းရမည်။

စိုက်ပျိုးရေးဘဏ်၏အခြားအာဏာနှင့်အခွင့်အရေးများကိုမချုတ်ချယ်ခြင်း။

၇၀။ ။ ဤအခန်းတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေ၏ အခြားအခန်းများတွင် ပါရှိ သည့် ပြဋ္ဌာန်းချက်များဖြင့်၊ စိုက်ပျိုးရေးဘဏ်အားအပ်နှင်းထားသည့် အခြားအာဏာများနှင့် အခွင့်အ ရေးများကို ချုတ်ချယ်သည်ဟု မမှတ်ယူရ။

## အခန်း ၇။

## အစိုးရကိုယ်စားလှယ်ဌာန။

ချေးငွေဌာနသီးခြားဖွင့်လှစ်ခြင်း။

၇၁။ ။ (၁) စိုက်ပျိုးရေးဘဏ်တွင်၊ လယ်ယာလုပ်ကိုင်သူတို့အား စိုက်ပျိုးရေးစရိတ်ကြေးငွေ ချေးငှါးခြင်း နှင့် စပ်လျဉ်းသည့် တည်ဆဲတရားဥပဒေများအရ၊ ငွေထုတ်ချေးခြင်းလုပ်ငန်းကို လိုအပ်သလို ဆက်လက် ဆောင်ရွက်နိုင်ရန်အလို့ငှါ၊ အစိုးရကိုယ်စားလှယ် ဌာနတခု သီးခြားဖွင့်လှစ်ထားရမည်။

(၂) အစိုးရ ကိုယ်စားလှယ်ဌာန၏ လုပ်ငန်းများနှင့် စာရင်းများကို အခြားဌာနများ၏ လုပ်ငန်းများ၊ စာ ရင်းများနှင့် မရောယှက်စေဘဲ သီးခြားလုပ်ကိုင်ထားရှိရမည်.

အစိုးရကိုယ်စားလှယ်ဌာန၏ရင်းနှီးငွေ။

၇၂။ ။ အစိုးရကိုယ်စားလှယ်ဌာနမှ လယ်ယာလုပ်ကိုင်သူတို့အား စိုက်ပျိုးရေးစရိတ်အဖြစ်ဖြင့် ထုတ်ချေး ရမည့်ငွေသည်၊ အခါအားလျော်စွာ ပါလီမန်က ထိုကိစ္စအတွက် သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

ငွေထုတ်ချေးရန် အဖွဲ့အစည်းကိုအသိအမှတ်ပြုခြင်း။

၇၃။ ။ (၁) အစိုးရကိုယ်စားလှယ်ဌာနသည်၊ ပုဒ်မ ၇၂ အရ သတ်မှတ်သည့်ငွေဖြင့်၊ ကျေးရွာငွေချေးကော်မီတီများက၊ လယ်ယာလုပ်ကိုင်သူတို့အား ချေးငွေများထုတ်ချေးနိုင်စေရန်အလို့ငှါ၊ အဆိုပါ ကျေးရွာငွေချေးကော်မီတီများကို အသိအမှတ်ပြုနိုင်သည်။

(၂) အစိုးရကိုယ်စားလှယ်ဌာနသည်၊ ဤအခန်းပါကိစ္စများအလို့ငှါ အဆိုပါကျေးရွာငွေချေးကော်မီတီများ သို့ ငွေထုတ်ချေးနိုင်သည်။

<ပြင်ဆင် 15.10.1953>

ငွေထုတ်ချေးနိုင်သည့်ကိစ္စများ။

၇၄။ ။ အစိုးရကိုယ်စားလှယ်ဌာနသည်၊ လယ်ယာလုပ်ကိုင်သူတို့သို့ ငွေတော်၊ ချေးငှါးခြင်း အက်ဥပဒေ တွင် ပြဋ္ဌာန်းထားသော ကိစ္စများအတွက် ငွေထုတ်ချေးနိုင်သည်။

ဘဏ္ဍာတော်မင်းကြီး၏အာဏာများ။

၇၅။ ။ အစိုးရကိုယ်စားလှယ်ဌာနသည်၊ လယ်ယာလုပ်ကိုင်သူတို့သို့ ငွေတော်ချေးငှါးခြင်း အက်ဥပဒေ က၊ ဘဏ္ဍာတော်မင်းကြီးအား အပ်နှင်းထားသော အာဏာနှင့် ဝတ်တရားများကို သုံးစွဲဆောင်ရွက်နိုင်ရ မည်။

အခြားအက်ဥပဒေများအရအာဏာနှင့်ဝတ်တရားများ။

၇၆။ ။ နိုင်ငံတော်သမတသည်၊ ငွေချေးလုပ်ငန်းနှင့် သက်ဆိုင်သည့် အခြားတည်ဆဲတရားဥပဒေများတွင် သက်ဆိုင်ရာ အာဏာပိုင်များအား အပ်နှင်းထားသည့် အာဏာများနှင့် ဝတ်တရားများကို အခါအား လျော်စွာ အစိုးရကိုယ်စားလှယ်ဌာနက သုံးစွဲဆောင်ရွက်နိုင်စေရန် ထိုဌာနသို့ လွှဲအပ်နိုင်သည်။

ပြည်ထောင်စုအစိုးရနှင့် သဘောတူပြုလုပ်သည့်စည်းကမ်းသတ်မှတ်ချက်။

၇၇။ ။ ပုဒ်မ ၇၅ နှင့် ပုဒ်မ ၇၆ တို့အရ၊ အပ်နှင်းသည့်အာဏာနှင့် ဝတ်တရားများကို၊ အစိုးရကိုယ်စား လှယ်ဌာနသည်၊ ပြည်ထောင်စုအစိုးရနှင့် သဘောတူပြုလုပ်သည့် သက်ဆိုင်ရာ အခြားတည်ဆဲတရား ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရ မည်။

အစိုးရ ကိုယ်စားလှယ်ဌာန၏အရှုံးအမြတ်။

၇၈။ ။ အစိုးရကိုယ်စားလှယ်ဌာန၏ လုပ်ငန်းမှထွက်ပေါ်သော အရှုံးသည်၊ သို့တည်းမဟုတ် အမြတ် သည်၊ စိုက်ပျိုးရေးဘဏ်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိစေရ၊ ပြည်ထောင်စုအစိုးရနှင့်သာ သက်ဆိုင်စေရ မည်။

စိုက်ပျိုးရေးဘဏ်၏အခြားအာဏာနှင့် အခွင့်အရေးများကို မချုတ်ချယ်ခြင်း။

၇၉။ ။ ဤအခန်းတွင် ပါရှိသည့်ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေ၏ အခြားအခန်းများတွင် ပါရှိ သည့် ပြဋ္ဌာန်းချက်များဖြင့် စိုက်ပျိုးရေးဘဏ်အား အပ်နှင်းထားသည့် အခြားအာဏာများနှင့် အခွင့်အ ရေးများကို ချုတ်ချယ်သည်ဟု မမှတ်ယူရ။

## အခန်း ၈။

## စိုက်ပျိုးရေးဘဏ်၏အထူးအခွင့်အရေးများ။

စာအုပ်စာတမ်းမှတ်ပုံစာအုပ်စာရင်းရေးသွင်းချက်များသည် သက်သေခံဝင်ခြင်း။

၈၀။ ။ စိုက်ပျိုးရေးဘဏ်၏၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ဖွင့်လှစ်ထားသော ခရိုင်ရုံးခွဲများ၏၊ သို့တည်းမဟုတ် စိုက်ပျိုးရေးဘဏ်က အသိအမှတ်ပြုထားသော ကျေးရွာဘဏ်များ၏ အလုပ်လုပ်ကိုင်မြဲ လုပ်ကိုင်ရာ၌ အစဉ်အမြဲ ထားရှိသည့်စာအုပ်စာတမ်း၊ မှတ်ပုံစာအုပ်၊ စာရင်းရေးသွင်းချက်များသည် ဤ အက်ဥပဒေအရ ပြုသည့် နည်းဥပဒေများက ပြဋ္ဌာန်းထားသည်နှင့်အညီ မှန်ကန်ကြောင်း သက်သေခံ လက်မှတ်ပါလျှင်၊ ထိုရေးသွင်းချက်နှင့် စာရင်းများတည်ရှိကြောင်း ထင်ရှားစေသည့် သက်သေခံအဖြစ် မည်သည့်တရားရုံးကမဆို လက်ခံရမည်။

မှတ်ပုံတင်ရခြင်းမှကင်းလွတ်ခြင်း။

၈၁။ ။ မှတ်ပုံတင်အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ စိုက်ပျိုးရေးဘဏ်၏ အောက်ပါစာချုပ်စာ တမ်း စာရွက်များသည် မှတ်ပုံတင်ခြင်းမှ လွတ်ငြိမ်းခွင့်ရသည်။

(က) စိုက်ပျိုးရေးဘဏ်အစုဝင်ငွေများနှင့် စပ်လျဉ်းသည့် စာချုပ်စာတမ်းများ။

(ခ) စိုက်ပျိုးရေးဘဏ်က ထုတ်ဝေရောင်းချသော ဒီဘင်ချာ စာချုပ်များ။

(ဂ) စိုက်ပျိုးရေးဘဏ်၏ ဒီဘင်ချာ စာချုပ်များလွှဲပြောင်းသော စာချုပ်။

(ဃ) စိုက်ပျိုးရေးဘဏ်က ထုတ်ချေးသော ချေးငွေများနှင့် စိုက်ပျိုးရေးဘဏ်က အသိအမှတ်ပြုထားသည့် ကျေးရွာဘဏ်များက ထုတ်ချေးသော ချေးငွေများနှင့်စပ်လျဉ်း၍ ချုပ်ဆိုသော စာချုပ်စာတမ်းများ။ စာတမ်း၊ လက်မှတ်၊ သို့တည်းမဟုတ် ထပ်ဆင့်ရေးသားချက်များ။

<ပြင်ဆင် 15.10.1953>

တံဆိပ်တော်ခွန် ပေးဆောင်ရခြင်းနှင့်မှတ်ပုံတင်ခ ပေးရခြင်းမှ ကင်းလွတ်ခြင်း။

၈၂။ ။ စိုက်ပျိုးရေးဘဏ်၏ ငွေချေးလုပ်ငန်းနှင့်စပ်လျဉ်းသော စာချုပ်စာတမ်းဟူသမျှတို့တွင်-

(က) တည်ဆဲတရားဥပဒေအရ တံဆိပ်တော်ခွန်ပေးဆောင်ရခြင်းမှ

(ခ) တည်ဆဲမှတ်ပုံတင်အက်ဥပဒေအရ အခကြေးငွေပေးဆောင်ရခြင်းမှ ကင်းလွတ်စေရမည်။

အမြတ်တော်ခွန်နှင့် အခြားအလားတူအခွန်များမှ လွတ်ငြိမ်းခွင့်။

၈၃။ ။ မြန်မာနိုင်ငံအမြတ်တော်ခွန် အက်ဥပဒေတွင်သော်၎င်း၊ အမြတ်တော်ခွန်၊ သို့တည်းမဟုတ် ထပ် တိုးအမြတ်တော်ခွန်၊ သို့တည်းမဟုတ် အလားတူ အခြားအခွန်တခုခုနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းသည့် အခြား တည်ဆဲတရားဥပဒေများတွင်သော်၎င်း၊ မည်သို့ပင် ပါရှိစေကာမူ၊ စိုက်ပျိုးရေးဘဏ်၏ဝင်ငွေ ပေါ်တွင်၊ သို့တည်းမဟုတ် အမြတ်ငွေပေါ်တွင်၊ သို့တည်းမဟုတ် အကျိုးအမြတ်ပေါ်တွင် အမြတ်တော် ခွန်ကိုသော်၎င်း၊ ထပ်တိုးအမြတ်တော်ခွန်ကိုသော်၎င်း၊ ဤကဲ့သို့သော အခြားအခွန်တခုခုကိုသော်၎င်း၊ စိုက်ပျိုးရေးဘဏ်က ပေးဆောင်ရန်တာဝန်မရှိစေရ။

**အခန်း ၉။**

**အထွေထွေ။**

အစီရင်ခံစာနှင့် စာရင်းများ။

၈၄။ ။ (၁) စိုက်ပျိုးရေးဘဏ်သည် နှစ်ချုပ်ငွေကျန်စာရင်း၏ မိတ္တူတစောင်ကို ဥက္ကဋ္ဌနှင့် အထွေထွေ မန်နေဂျာတို့က လက်မှတ်ရေးထိုးပြီးနောက်၊ စာရင်းစစ်များက မှန်ကန်ကြောင်းသက်သေခံ လက်မှတ် ရေးထိုး၍၊ စိုက်ပျိုးရေးဘဏ်၏ ဘဏ္ဍာတော်နှစ် ကုန်ဆုံးသည့်နေ့မှ သုံးလအတွင်း စိုက်ပျိုးရေးဘဏ်၏ တနှစ်ပတ်လုံးလုပ်ကိုင်ဆောင်ရွက်ခဲ့သော လုပ်ငန်းများအကြောင်း အစီရင်ခံစာတစောင်နှင့်အတူ နိုင်ငံတော်သမတထံ ပေးပို့ရမည်။ ထိုနှစ်ချုပ်ငွေကျန်စာရင်းနှင့် အစီရင်ခံစာများကို အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကျေညာပြီးလျှင်၊ ပါလီမန်ဆိုင်ရာ လွှတ်တော်အသီးသီးသို့ ကျင်းပလတ္တံ့သော ညီလာခံတွင် တင်ပြရမည်။

(၂) စိုက်ပျိုးရေးဘဏ်သည်၊ နိုင်ငံတော်သမတက ပြဋ္ဌာန်းသည့် ပုံစံများဖြင့် ငွေစာရင်းရှင်းတမ်းများနှင့် အလုပ်ကိစ္စရှင်းတမ်းများကိုပြုလုပ်၍ နိုင်ငံတော်သမတထံ တင်သွင်းရမည်။

စာရင်းစစ်များ။

၈၅။ ။ (၁) စိုက်ပျိုးရေးဘဏ်၏ စာရင်းစစ်များကို နိုင်ငံတော်သမတက ခန့်ထားရမည်။ သို့ရာတွင် စိုက် ပျိုးရေးဘဏ်၏ ဒါရိုက်တာအဖြစ်ဖြင့်သော်၎င်း၊ ရာထမ်းမှုထမ်းအဖြစ်ဖြင့်သော်၎င်း၊ ရာထူး ထမ်းရွက်နေသူ မည်သူတဦးတယောက်ကိုမျှ စာရင်းစစ်အဖြစ် ခန့်ထားပိုင်ခွင့်မရှိစေရ။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်နှင့်မဆန့်ကျင်စေဘဲ နိုင်ငံတော်သမတသည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်ကို ဖြစ်စေ၊ မိမိသင့်တော်သည်ထင်မြင်သော အခြားသူတဦးတယောက်ကိုဖြစ်စေ၊ စိုက်ပျိုးရေးဘဏ်၏ ငွေ စာရင်းများကို စစ်ဆေး၍ အစီရင်ခံရန် အချိန်မရွေးညွှန်ကြားနိုင်သည်။

(၃) စာရင်းစစ်များ၏ အာဏာများနှင့် တာဝန်ဝတ်တရားများကို နိုင်ငံတော်သမတသည် နိုင်ငံတော် စာ ရင်းစစ်ချုပ်နှင့် ညှိနှိုင်းတိုင်ပင်၍ ပြဋ္ဌာန်းရမည်။

<ပြင်ဆင် 15.10.1953>

ဘဏ္ဍာတော်နှစ်။

၈၆။ ။ စိုက်ပျိုးရေးဘဏ်၏ ဘဏ္ဍာတော်နှစ်သည်၊ ဇူလိုင်လ ၁ ရက်နေ့မှအစပြု၍၊ ဇွန်လ ၃၀ ရက်နေ့ တွင် ကုန်ဆုံးသည်။

သီးသန့်ရန်ပုံငွေ။

၈၇။ ။ ဤအက်ဥပဒေ စတင်အာဏာတည်ပြီးသည့်နောက် လျင်မြန်နိုင်သမျှ လျင်မြန်စွာ စိုက်ပျိုးရေး ဘဏ်သည်၊ သီးသန့်ရံပုံငွေတခုကို ဖွင့်လှစ်ရမည်။ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိုက်ပျိုး ရေးဘဏ်သည် မိမိအမြတ်ငွေများကို ထိုရံပုံငွေသို့ ထည့်သွင်းရမည်။

စိုက်ပျိုးရေးဘဏ်၏ အမြတ်ငွေများ။

၈၈။ ။ ရလမ်းမရှိသော ကြွေးမြီများနှင့် ရလမ်းမသေချာသော ကြွေးမြီများအတွက်၎င်း၊ ပစ္စည်းများတန် ဘိုးယုတ်လျော့ခြင်းအတွက်၎င်း၊ ရာထမ်း မှုထမ်းတို့အား ထောက်ပံ့ငွေအတွက်၎င်း၊ အိုမင်းမစွမ်း၍ အ ငြိမ်းစားလစာငွေပေးရေး ရံပုံငွေအတွက်၊ သို့တည်းမဟုတ် အိုနာစာရံပုံငွေအတွက်၎င်း၊ ပြဋ္ဌာန်းချက်များ

ပြုလုပ်ပြီးနောက်၊ ငွေကျန်စာရင်းအရ၊ အရှုံးပြလျှင်၊ ထိုအရှုံးကို သီးသန့်ရံပုံငွေမှ ဖြည့်စွက်ရမည်။ အ မြတ်ထွက်ပေါ်လျှင် အောက်ပါအတိုင်း ခွဲဝေပေးရမည်။

(က) သီးသန့်ရံပုံငွေသည်၊ မ,တည်ငွေရင်း၏ ထက်ဝက်ပြည့်မှီသည်အထိ၊ အမြတ်အားလုံးကို သီးသန့်ရံ ပုံငွေသို့ ထည့်သွင်းရမည်။

(ခ) သီးသန့်ရံပုံငွေသည်၊ မ,တည်ငွေရင်း၏ ထက်ဝက်ကျော်လွန်သည့်အခါ-

(၁) သီးသန့်ရံပုံငွေသို့ ၅၀ ရာခိုင်နှုန်း။

(၂) ပြည်ထောင်စုအစိုးရသို့ ၅၀ ရာခိုင်နှုန်း။

**ခြွင်းချက်**။ ။ သို့ရာတွင် ပြည်ထောင်စုအစိုးရသို့ ခွဲဝေပေးရသော အမြတ်ငွေကို၊ နိုင်ငံတော်သမတက အ မိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကျေညာ၍ ရပ်စဲသည့်အခါ ထိုသို့ခွဲဝေပေးခြင်းမှ ရပ်စဲနိုင်ရမည်။

အပ်ငွေများ လက်ခံနိုင်ခွင့်။

၈၉။ ။ (၁) ဤအက်ဥပဒေ၏ အခန်း ၃၊ ၄၊ ၅၊ ၆ နှင့် ၇ တို့တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များအရ၊ စိုက်ပျိုး ရေးဘဏ်မှငွေချေးယူနိုင်ခွင့်ရှိသော ပုဂ္ဂိုလ်၏၊ သို့တည်းမဟုတ် အသင်းအဖွဲ့၏ အပ်ငွေကိုငင်း၊ ကျေးရွာ ဘဏ်၏ အပ်ငွေကိုငင်း စိုက်ပျိုးရေးဘဏ်ကလက်ခံ၍၊ စာရင်းရှင်အပ်ငွေအဖြစ်ငင်း၊ သို့တည်းမဟုတ် စာရင်းသေအပ်ငွေအဖြစ်ငင်း ထိန်းသိမ်းထားနိုင်ခွင့်ရှိသည်။

(၂) စာရင်းသေအပ်ငွေများအပေါ်တွင်ပေးရန် အတိုးကို နိုင်ငံတော်သမတက အခါအားလျော်စွာ ပြဋ္ဌာန်း သည့်နှုန်းအတိုင်း ပေးရမည်။

ဒါရိုက်တာများနှင့် စိုက်ပျိုးရေးဘဏ်၏ ရာထမ်းမှုထမ်းများ ဘဏ်မှ ငွေမချေးရခြင်း။

၉၀။ ။ စိုက်ပျိုးရေးဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်လူကြီးများနှင့် ရာထမ်း မှုထမ်းများသည်၊ ဤအက်ဥပဒေ ၏ အခန်း ၃၊ ၄၊ ၅၊ ၆ နှင့် ၇ တို့တွင် ဖေါ်ပြထားသည့် ဌာနများမှ တိုက်ရိုက်သော်ငင်း၊ သွယ်ဝိုက်သော နည်းဖြင့်သော်ငင်း ငွေချေးငှါးခြင်းမပြုရ။

ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၉၁။ ။ စိုက်ပျိုးရေးဘဏ်၏ ရာထမ်း မှုထမ်းတိုင်းသည်၊ ရာဇသတ်ကြီးပုဒ်မ ၂၁ ၏အဓိပ္ပါယ်အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

နည်းဥပဒေများ။

၉၂။ ။ နိုင်ငံတော်သမတသည် ဤအက်ဥပဒေပါ ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရန် နည်းဥပဒေများပြုနိုင် သည်။

စည်းမျဉ်းဥပဒေများ။

၉၃။ ။ ဤအက်ဥပဒေနှင့်သော်ငင်း၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်သော်ငင်း မဆန့်ကျင် စေဘဲ၊ စိုက်ပျိုးရေးဘဏ်သည်၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရန် အလို့ငှါ လိုအပ်သော၊ သို့တည်းမဟုတ် လွယ်ကူစေသော စည်းမျဉ်းဥပဒေများကို ပြုနိုင်သည်။

ပြစ်ဒဏ်များ။

၉၄။ ။ စိုက်ပျိုးရေးဘဏ်၏ ရာထမ်း မှုထမ်း မည်သူမဆို စိုက်ပျိုးရေးဘဏ်က တောင်းခံရမည်ဟု သတ် မှတ်ထားသော အခကြေးငွေမှတပါး၊ ငွေချေးယူသူတို့ထံမှ သဒ္ဓါကြေး၊ ဆု၊ လာဘ်၊ အခြားအခကြေးငွေ စသည်တို့ကို မိမိအတွက်သော်၎င်း၊ အခြားသူတဦးတယောက်အတွက်သော်၎င်း တောင်းခံခြင်း၊ လက်ခံ ခြင်း၊ ယူခြင်းပြုခဲ့လျှင်၊ ထိုသူသည် ရာဇသတ်ကြီးပုဒ်မ ၁၆၁ မှ ၁၆၅ ထိပုဒ်မတို့တွင် မည်သို့ပင်ပါရှိစေ ကာမူ အလုပ်ကြမ်းနှင့် ၇ နှစ်ထိထောင်ဒဏ်သော်၎င်း၊ တထောင်ထိငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံး သော်၎င်း စီရင်ခြင်းခံထိုက်စေရမည်။

**ခြွင်းချက်**။ ။ သို့ရာတွင် စိုက်ပျိုးရေးဘဏ်၏ တိုင်တန်းချက်အရ၊ သို့တည်းမဟုတ် စိုက်ပျိုးရေးဘဏ် ၏ အခွင့်အမိန့်ဖြင့် တိုင်တန်းချက်အရမဟုတ်လျှင် ဤပုဒ်မတွင် အကျုံးဝင်သည့်ပြစ်မှုကို မည်သည့်တ ရားရုံးကမျှ အရေးမယူရ။

၉၅။ ။ မည်သူမဆို စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိစေရန်အလို့ငှါ၊ ဤအက်ဥပဒေအရ လုပ်ကိုင်ဆောင် ရွက်နေသူ ဒါရိုက်တာလူကြီးအား၊ သို့တည်းမဟုတ် ရာထမ်းမှုထမ်းတဦးဦးအား တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်၎င်း စိုက်ပျိုးရေးဘဏ်မှပေးရမည်ဟု သတ်မှတ်ထားသော အခကြေးငွေမှ တပါး၊ သဒ္ဓါကြေး၊ ဆု၊ လာဘ်၊ အခြားအခကြေးငွေစသည်တို့အနက် တခုခုကိုပေးခဲ့လျှင်၊ သို့တည်းမ ဟုတ် ထိုသို့ပေးရန်အားထုတ်ခဲ့လျှင် ထိုသူသည် အလုပ်ကြမ်းနှင့် ၃ နှစ်ထိ ထောင်ဒဏ်သော်၎င်း၊ တ ထောင်ထိငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံးသော်၎င်း စီရင်ခြင်းခံထိုက်စေရမည်။

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 03 THE SECOND SCHEDULE EXPORT TARIFF [See Section 2 (1).]

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 THE FIRST SCHEDULE (IMPORT TARIFF) [See Section 2 (1).]

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 01 ဇယား။ (ပုဒ်မ ၂ ကြည့်ပါ။) (လယ်ယာလုပ်ကိုင်သူတို့သို့ ငွေတော်ချေးငှါးခြင်း အက်ဥပဒေပြင်ဆင်ချက်။)